# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 3, 2019 Volume 15, Number 2


၃.၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၄၂/ကျပ် |
| CBM Rate | = ၁၅၄၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၂ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၃.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၂.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၈.၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၇၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂၉ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၉၅ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၉၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၅၅ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## နိုင်ငံခြားအာမခံကုမ္ပဏီများကို ပြည်တွင်း၌ လုပ်ကိုင်ခွင့်စပြု

နိုင်ငံခြားအာမခံကုမ္ပဏီများကို ပြည်တွင်း၌ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ "နှစ်သစ်အတွက် မင်္ဂလာသတင်းပါပဲ" ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ နိုင်ငံခြား အာမခံကုမ္ပဏီများကို ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင် ခွင့်ပြုပါက ပရီမီယံဈေးနှုန်းများ လျော့ကျပြီး ကုန်ကျစရိတ်သက်သာသည့် အကျိုးကျေးဇူးကို စီးပွားရေးလုပ်ငန်းရှင်များရရှိမည်ဖြစ်ကြောင်း ဦးရဲမင်းအောင်ကပြောသည်။ ထို့အပြင် ထိရောက်အကျိုးရှိမည့် အာမခံဈေးကွက်လည်း ပေါ်ထွက်လာမည်ဟု သုံးသပ်သည်။

၂၀၁၃ ကစတင်၍ ပုဂ္ဂလိကသို့ အာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုပေးပြီး ခြောက်နှစ်ကြာချိန်တွင် နိုင်ငံခြားအာမခံကုမ္ပဏီများကိုပါ စတင်ဖိတ်ခေါ်ခြင်းဖြစ်သည်။ နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင် အသက်အာမခံကုမ္ပဏီကို ပြည်တွင်း၌ အသက်အာမခံလုပ်ငန်း လိုင်စင်သုံးခုအထိ ခွင့်ပြုမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားသည့် အသက်အာမခံကုမ္ပဏီများ (သို့မဟုတ်) အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးစလုံး လုပ်ကိုင်နေသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအသက်အာမခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။

အထွေထွေအာမခံလုပ်ငန်းနှင့်ပတ်သက်၍လည်း အထွေထွေအာမခံတစ်မျိုးတည်းလုပ်ကိုင်သည့် နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) အထွေထွေနှင့် အသက်အာမခံနှစ်မျိုးစလုံး လုပ်ကိုင်နေသည့် နိုင်ငံခြားကုမ္ပဏီများကို ပြည်တွင်းအထွေထွေအာမခံကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။ ဆောင်ရွက်လိုသည့် ဆန္ဒပြုလွှာတို့ကို တင်သွင်းရန်လည်း ဖိတ်ခေါ်မည်ဟု ကြေညာချက်တွင် အသိပေးထားသည်။

နိုင်ငံခြားကုမ္ပဏီများနှင့် တွဲလုပ်မယ်ဆိုရင် အရင်းအနှီးတွေလည်း ပိုရလာပြီး အာမခံလုပ်ငန်းကိုလည်း ပိုပြီးချဲ့ထွင်လာနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းကဆိုသည်။

ထို့အပြင် ဘဏ်မဟုတ်သော ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံကိုလည်း ရေးဆွဲခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရာတွင် စွန့်စားမှုနှင့်စီမံခန့်ခွဲမှုအပိုင်းအတွက် အာမခံပရီမီယံဝယ်ယူရာတွင် ဈေးနှုန်း

မြင့်တက်သည့်အခြေအနေကို လက်ရှိစီးပွားရေးလုပ်ငန်းရှင်များ ကြုံတွေ့နေရသည်ဟု ဦးရဲမင်းအောင်ကပြောသည်။ လက်ရှိပြည်တွင်း၌ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၁ ခုကို ခွင့်ပြုထားသည်။

**Source: http://www.7daydaily.com/story/146428**

## မြန်မာကုန်ထုတ်လုပ်ရေးညွှန်းကိန်း ဒီဇင်ဘာတွင်တိုးတက်မှုရှိဟုဆို



မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ရေးဌာနတွင် လုပ်ငန်းလည်ပတ်ရေးအခြေအနေများသည် ခိုင်မာသောတိုးတက်မှုများရရှိခဲ့သည်ဟု ဒီဇင်ဘာစစ်တမ်း အချက်အလက်များက ပြသနေသည်။ ခုနစ်လကြာ မှာယူမှုအသစ်များနှင့် ထုတ်လုပ်မှုတွင် အလျင်မြန်ဆုံးတိုးတက်မှုများက ယင်းသို့ စီးပွားရေး ကျယ်ပြန့်မှုကို တွန်းအားပေးခဲ့ခြင်းဖြစ်သည်။

နီကေးမြန်မာ ကုန်ထုတ်လုပ်ငန်းပစ္စည်းဝယ်ယူမှုများ၊ မန်နေဂျာများညွှန်းကိန်း (သို့မဟုတ်) PMI သည် နိုဝင်ဘာတွင် ၅၁ ဒသမ ၃ မှ ဒီဇင်ဘာတွင် ၅၂ ဒသမ ၂ သို့ တိုးတက်လာခဲ့သည်။ ၅၀ အမှတ် ကျော်လွန်ခြင်းသည် စီးပွားရေးကျယ်ပြန့်လာမှုကို ဖော်ပြပြီး ၅၀ အမှတ်အောက်သည် စီးပွားရေးကျုံ့သွားခြင်းကိုညွှန်ပြသည်။

ယင်းညွှန်းကိန်းမှနေ၍ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ရေးကဏ္ဍသည် မေလကစ၍ အခိုင်မာဆုံး တိုးတက်မှုရရှိခြင်းကို ညွှန်ပြနေသည်။ ၂၀၁၈ ခုနှစ်ရဲ့ ဒုတိယခြောက်လပတ်ကာလမှာ ကန်ဒေါ်လာနဲ့နှိုင်းယှဉ်လို့ ကျပ်ငွေတန်ဖိုး ကျဆင်းမှုက ဒီဇင်ဘာအတွင်းမှာ ပြည်ပတင်သွင်းတဲ့ သွင်းအားစုကုန်ကျစရိတ်ကို တွန်းအားပေးခဲ့ကြောင်း၊ ဒါပေမဲ့လည်း ရေနံဈေးနှုန်းကျဆင်းတာက ကုန်ကြမ်းပစ္စည်း ကုန်ကျစရိတ်မြင့်တက်မှုကို ချေဖျက်ပစ်လိုက်တယ်လို့ ညွှန်းကိန်းအကဲဖြတ်သူတွေက ဖော်ပြပါတယ်။ ဒါကြောင့်လည်း ယေဘုယျအားဖြင့် သွင်းအားစု ဈေးနှုန်းဖောင်းပွမှုက ၂၀၁၆ မတ်လ နောက်ပိုင်း အနည်းပါးဆုံးဖြစ်ပါတယ်” ဟု စစ်တမ်း အချက်အလက်များ စုဆောင်းခဲ့သူ IHS Markit မှ စီးပွားရေးပညာရှင် ရှန်ဂျုန်းစ်ကပြောသည်။

**Source: http://www.7daydaily.com/story/146435**

## မောင်တောတွင် ဆောင်းသီးနှံစိုက်ပျိုးမှုလျော့နည်း

ညမထွက်ရအမိန့်ထုတ်ပြန်ခြင်းနှင့် လုပ်သားရှားပါးခြင်းကြောင့် မောင်တောနယ်စပ်ဒေသတွင် ဖရဲသီးအပါအဝင် ဆောင်းသီးနှံများ စိုက်ပျိုးမှုလျော့နည်းနေကြောင်း တောင်သူအများစုကပြောသည်။ မောင်တောနယ်စပ်ဒေသတွင် ညမထွက်ရအမိန့်ကို ၂၀၁၂ က စတင်ထုတ်ပြန်ခဲ့ပြီး ယခုအခါ ခြောက်နှစ်ကျော်ကြာမြင့်သော်လည်း ဒေသတွင်း လုံခြုံရေးအခြေအနေကြောင့် ညမထွက်ရအမိန့် ဆက်လက်ထုတ်ပြန်ထားဆဲဖြစ်သည်။

အဓိကကတော့ စိုက်ခင်းတွေလုပ်ရင် အဲဒီစိုက်ခင်းတွေမှာ ညအိပ်စောင့်ပြီးနေမယ့်သူ မရှိတာကြောင့်ဖြစ်ကြောင်း၊ ညမထွက်ရအမိန့်က ရှိနေဆဲဆိုတော့ လယ်တဲမှာအိပ်နေလို့ တစ်ခုခုဖြစ်သွားမှာကို ကြောက်ကြကြောင်း၊ အလုပ်သမားတွေ ရှားပါးနေတာကြောင့် ဒီနှစ်တော့ ဆောင်းသီးနှံတွေကို မစိုက်ဖြစ်တာဖြစ်ကြောင်း ဖောမိကုန်းကျေးရွာနေ တောင်သူတစ်ဦးကပြောသည်။

၂၀၁၇ ဩဂုတ်က ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောတွင် မိုးစပါးအများစု မစိုက်ပျိုးနိုင်ခဲ့ပေ။

“အိမ်သားတစ်စားစာ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းကလည်း လုံးဝအဆင်မပြေတော့ဘူး။ စိုက်ခင်းတွေမှာ သွားအိပ်ဖို့က မလွယ်ဘူး” ဟု သာယာကုန်းကျေးရွာနေ တောင်သူ ဦးရွှေမောင်က ပြောသည်။

မောင်တောနယ်စပ်ဒေသတွင် ဆောင်းသီးနှံအဖြစ် ဖရဲသီး၊ အာလူး၊ ငရုတ်နှင့် ဗိုလ်ကိတ်ပဲများကို အများဆုံးစိုက်ပျိုးကြသည်။

**Source: http://www.7daydaily.com/story/146375**

## အာဆီယံနိုင်ငံများမှ တင်သွင်းသည့် ဆီအုန်းသွင်းကုန်များအပေါ် အခွန်လျှော့ကောက်ဖို့ အိန္ဒိယစီစဉ်

အာဆီယံ (အရှေ့တောင်အာရှ နိုင်ငံများအသင်း) နိုင်ငံတွေထံကနေတင်သွင်းရယူတဲ့ ဆီအုန်း (ဆီအုန်း အကြမ်းနှင့် သန့်စင်ပြီးဆီအုန်းနှစ်မျိုးစလုံး) သွင်းကုန်တွေအပေါ် သွင်းကုန်ခွန်လျှော့ချကောက်ခံသွားနေပြီဖြစ်ကြောင်း အိန္ဒိယ အစိုးရက ထုတ်ပြန်သွားပါတယ်။

ဒါဟာ အထက်ပါ အာဆီယံနိုင်ငံတွေက suppliers တွေရဲ့တောင်းဆိုပန်ကြားချက်ကြောင့် ယခုလို သွင်းကုန်ခွန်တွေ လျှော့ချပေးရခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရက ဆိုပါတယ်။ဆီအုန်း အကြမ်းအပေါ် သွင်းကုန်ခွန် ပမာဏကို ၄၄ ရာခိုင်နှုန်းကနေ ၄၀ရာခိုင်နှုန်းကို လျှော့ချပေးထားပြီးဖြစ်သလို သန့်စင်ပြီးဆီအုန်းတွေအတွက်လည်း အခွန် ၅၄ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းကိုလျှော့ချပေးထားကြောင်း ထုတ်ပြန်သွားပါတယ်။ယင်း အခွန်လျှော့ချမှုကတော့ ဇန်နဝါရီ ၁ ရက် ကနေစတင်အသက်ဝင်လာခဲ့ပြီ ဖြစ်ပါတယ်။အိန္ဒိယအနေနဲ့ နိုင်ငံမှာဆီ စားသုံးမှုရဲ့ ၇၀ ရာခိုင်နှုန်းကိုတော့ပြည်ပကနေ တင်သွင်းရတဲ့ သွင်းကုန်တွေအပေါ်မှာ အဓိကမှီခိုအားထားနေရတယ်လို့သိရပါတယ်။

**Source:**https://www.businesstimes.com.sg/.../india-cuts-tax-on-crude-...

## အောက်တိန်းတစ်လီတာကို ကျပ် ၆၅၀ ဝန်းကျင်နဲ့ တစ်နှစ်ခွဲအတွင်း အနိမ့်ဆုံးဈေးနှုန်းပြန်ဖြစ်လာ

လွန်ခဲ့သည့် (၂)လခန့်မှစတင်ကာ စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာခဲ့ပြီး ယနေ့ရန်ကုန်အထိုင်ဈေးမှာ အောက်တိန်းတစ်လီတာကို ကျပ်(၆၅၀)ဝန်းကျင်ဖြင့်တစ်နှစ်ခွဲအတွင်းအနိမ့်ဆုံးဈေးနှုန်းကိုပြန်လည်ရောက်ရှိလာခဲ့ သည်။

(၂၀၁၇)ခုနှစ် (၆)လပိုင်းတွင် အောက်တိန်းတစ်လီတာကို ကျပ်(၆၈၀)နှုန်းဖြစ်ပြီး (၂၀၁၈)ခုနှစ်နှစ်ဆန်းမှ စတင် ဈေးတက်ခဲ့ခြင်းဖြစ်ကာ လက်ရှိဈေးနှုန်းမှာ တစ်နှစ်ခွဲအတွင်း အနိမ့်ဆုံးပြန်လည်ကျဆင်းသွားခြင်းဖြစ်သည်။ ရန်ကုန် အထိုင်ဈေးအရ အောက်တိန်းတစ်လီတာလျှင်ကျပ်(၆၅၀)ဝန်းကျင်ဖြစ်လာသော်လည်း ဒီဇယ်တစ်လီတာလျှင် ကျပ် (၉၀၀)ဝန်းကျင်ခန့်ဈေးနှုန်းရှိနေသည်။ စင်ကာပူနိုင်ငံမှာတင်သွင်းသည့်ဈေးနှုန်းကျဆင်းနေခြင်းကြောင့်ပြည်တွင်း စက်သုံးဆီဈေးနှုန်းမှာလည်း လိုက်ပါကျဆင်းနေခြင်းဖြစ်သည်။

ဖေဖော်ဝါရီလဆန်းအထိစက်သုံးဆီဈေးနှုန်းများကျဆင်းနိုင်ဖွယ်ရှိနေသည်ဟု စက်သုံးဆီတင်သွင်းသူများက သုံးသပ် ထားသည်။ စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းသွားသော်လည်းအဝေးပြေးယာဉ်လိုင်းအချို့၏ စက်သုံးဆီ ဈေးနှုန်းမြင့်တက်စဉ်က တိုးမြှင့်ထားသည့်ယာဉ်စီးခများကို ပြန်လည်လျှော့ချပေးခြင်းမရှိသေးသည်ကိုလည်းတွေ့ရှိ နေရသည်။

**Source:**https://www.facebook.com/popularnewsjournal/

## ၂၀၁၈ တွင် စင်ကာပူစီးပွားရေး ၃ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်

စင်ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဒုတိယအကြိမ်အဖြစ် ၃ ရာခိုင်နှုန်းအထက်ရှိခဲ့သည်ဟု ဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားခဲ့ကာ ၎င်းအနေဖြင့် ရာထူးတာဝန်မှအနားယူရန် ပြင်ဆင်နေချိန်တွင် နိုင်ငံအစိုးရအဖွဲ့သစ်ကို ဝန်းရံ၍ လုပ်ငန်းစဉ်ဆက် အလျဉ်မပြတ်ဆက်လက်လုပ်ဆောင်သွားနိုင်ရေးကို ကူညီပေးကြရန် တိုင်းပြည်သို့ပန်ကြား လိုက်သည်။

စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်း တက်လာခဲ့သည်ဟု ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မစ္စတာလီက ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါ ပမာဏ သည် စီးပွားရေးပညာရှင် ၁၄ ဦးက ပြုလုပ်သည့် ဘလွန်းဘာ့ဂ် လေ့လာဆန်းစစ်မှု ပျမ်းမျှခန့်မှန်းချက်နှင့် ကိုက်ညီ နေသည်။ ကုန်သွယ်ရေး ပဋိပက္ခများနှင့် ငွေကြေးဈေးကွက် မတည်ငြိမ်သည့်ကြားထဲမှ ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ် နေသော ကြီးမားသည့် မသေချာ မရေရာမှုများကို ကိုးကားကာ စင်ကာပူသည် ၂၀၁၉ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်း မှ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိတိုးတက်ရန် ကြိုတင်ခန့်မှန်းထားသည်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အာရှဒေသတွင် ပြည်ပပို့ကုန်အပေါ် မှီခိုအားထားရဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော စင်ကာပူ၏တိုးတက်မှု အလားအလာမှာ ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှုအလားအလာများနှင့် နီးနီးကပ်ကပ်ဆက်နွှယ်နေသည်။ စင်ကာပူ သည် အခြားနိုင်ငံများထက် ကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းနိုင်သည်မှာ အခြားနိုင်ငံများတွင် လစာမတိုးခြင်း၊ လူနေထိုင်မှုအဆင့်အတန်း ခက်ခဲခြင်းအပေါ် မကျေနပ်မှုများကြောင့် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်စေကာ အစွန်း

မရောက်သော နိုင်ငံရေးသမားများအတွက် အားပေးထောက်ခံမှုလျော့နည်းခြင်းပင်ဖြစ်သည်ဟု လီကပြောကြား ခဲ့သည်။

အသက် ၆၆ နှစ်ရှိပြီဖြစ်သောလီသည် နိုင်ငံတော်၏ အထွေထွေ ရွေးကောက်ပွဲပြုလုပ်ရမည့် အချိန်ကျရောက်ပြီး တစ်နှစ်အကြာ ၂၀၂၂ ခုနှစ်တွင် ၎င်းအသက် ၇၀ ပြည့်မည့်အချိန်၌ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းပေးအပ်ရန် ရည်ရွယ်ထားကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။ ရေရှည်မူဝါဒတွေ နေရာတကျရှိခြင်းနဲ့ ခိုင်မာတဲ့အစိုးရအဖွဲ့က တာဝန်ယူတဲ့အတွက် ကျွန်တော်တို့ရဲ့အနာဂတ်နဲ့ပတ်သက်လို့ ယုံကြည်စိတ်ချမှုရှိကြောင်း လီကပြောသည်။ စင်ကာပူ အစိုးရသည် ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ လူနေအိမ်ရာများနှင့် အများပြည်သူသွားလာရေးအတွက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေသည်ဟုလည်း၎င်းကပြောကြားခဲ့သည်။ စင်ကာပူသည် ၎င်း၏ အရင်းနီးဆုံး အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှားတို့နှင့် ဆက်ဆံရေးကို ဂရုစိုက်စောင့်ရှောက် နေသည်ဟုလည်း လီကပြောကြားခဲ့သည်။ မလေးရှားနိုင်ငံနှင့် ရေကြောင်းသွားလာမှု နယ်နိမိတ်ကိစ္စရပ်များ၊ လေပိုင်နက်ကိစ္စရပ်များ ပေါ်ပေါက်ခဲ့သော်လည်း အဆိုပါကိစ္စရပ်များအားလုံးကို စင်ကာပူနိုင်ငံသည် နိုင်ငံတကာ ဥပဒေစည်းမျဉ်းစည်းကမ်းများကိုကိုင်စွဲပြီး တည်တည်ငြိမ်ငြိမ်နှင့် အပြုသဘောဆောင်ကာဖြေရှင်းမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

Source:https://myanmar.mmtimes.com/news/119183.html

## မြန်မာနိုင်ငံ၏ လက်ဖက်အချိုခြောက်စျေးကွက် ၈၅ ရာခိုင်နှုန်းခန့် တရုတ်အချိုခြောက်များလွှမ်းမိုးနေ

မြန်မာနိုင်ငံအတွင်းအသုံးပြုနေသည့် လက်ဖက်အချိုခြောက်စျေးကွက်၏ ၈၅ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံမှ အချိုခြောက်များက လွှမ်းမိုးလျက်ရှိနေကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း



မှသိရသည်။ တရုတ်နိုင်ငံထုတ် လက်ဖက်အချိုခြောက်များသည် မြန်မာနိုင်ငံအတွင်းသို့ တစ်နှစ်လျှင် တန် ၁၀၀၀ ကျော် ဝန်းကျင်ခန့် ဝင်ရောက်လျက်ရှိရာမှ အရည်အသွေးပိုင်း မယှဉ်နိုင်သည့် မြန်မာလက်ဖက်ခြောက်များ စျေးကွက်အတွင်း တဖြည်းဖြည်း နေရာပျောက်ဆုံးလျက် ရှိကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းနာယက ဦးကျော် သီဟကပြောဆိုသည်။

မြန်မာနိုင်ငံထွက် လက်ဖက်အများစုအနေဖြင့် စိုက်ပျိုးရာတွင် ပိုးသတ်ဆေးလုံးဝအသုံးမပြုသည့် အားသာချက်တစ်ခုရှိပြီး ၎င်းအားသာချက်ကြောင့် ပြည်ပနိုင်ငံများမှ မြန်မာ့လက်ဖက်ကိုဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေသော်လည်း စိုက်ပျိုးမှုနှင့်ထုပ်ပိုးမှုနည်းပညာများ လိုအပ်ချက်ရှိနေသေးသည့်အတွက် အဆင်သင့်မဖြစ်သေးဘဲ ကမ္ဘာ့စျေးကွက် တန်းဝင် လက်ဖက်ခြောက်ရရှိရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံထွက် ဖယန်း လက်ဖက် အစိုအား အမေရိကန်နိုင်ငံသို့ စမ်းသပ်တင်ပို့မှုများရှိနေပြီး မြန်မာနိုင်ငံမှထွက်ရှိသည့် လက်ဖက်ခြောက် အချိုခြောက် နှင့် လက်ဖက်အစို အမျိုးအစားသုံးမျိုးအား အမေရိကန်နိုင်ငံတွင် ၂၀၁၉ ခုနှစ် ဇွန် ၂၃ ရက်မှ ၂၅ ရက် အထိ ကျင်းပမည့် စားသောက်ကုန်စည်ပြပွဲသို့ ပထမဦးဆုံးအကြိမ်အဖြစ် သွားရောက်ပြသရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

Source:https://myanmar.mmtimes.com/news/119176.html

## လယ်ယာကဏ္ဍဆိုင်ရာ စီမံကိန်းသုံးခုကို MAPCO နှင့် တရုတ်နိုင်ငံပိုင် CITIC ကုမ္ပဏီတို့ ပူးပေါင်း အကောင်အထည်ဖော်မည်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် MAPCO သည် တရုတ်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းစုဖြစ်သော CITIC လုပ်ငန်းစုနှင့်ပူးပေါင်းကာ စိုက်ပျိုး မွေးမြူရေး အခြေခံစီးပွားရေး စီမံကိန်းလုပ်ငန်းသုံးခုကို ၂၀၁၉ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်သွားမည်ဟု MAPCO ဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။ တရုတ်နိုင်ငံရဲ့ ကြီးမားလှတဲ့ CITIC လုပ်ငန်းစုကြီးဟာ MAPCO နဲ့ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုလုပ်ဖို့အတွက် နှစ်ဖက်ညှိနှိုင်းမှုတွေ

ရှိနေကြောင်း၊ ကနဦးအာမခံအနေနဲ့လည်း ကန်ဒေါ်လာ ၁၇ သန်းကို ပေးအပ်သွားဖို့ အဆိုပြုထားကြောင်း၊ ဒီလိုနှစ်ဖက် ပူးပေါင်းမှုတွေဟာ မကြာခင်မှာလည်း အကောင်အထည်ပေါ်လာမှာဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI တွင်ပြုလုပ်သော MAPCO ကုမ္ပဏီ၏ ခြောက်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားတွင်ပြောသည်။

မြန်မာ–တရုတ် ဆန်စပါး စက်မှုလုပ်ငန်း စီမံကိန်းသည် တွံတေးမြို့နယ်ရှိ ဆန်စက်စီမံကိန်းအပြင် ကျိုက်လတ်၊ နေပြည်တော်၊ မြောင်းမြနှင့် ရခိုင်ပြည်နယ် ကျောက်တော်တို့တွင် ဆန်စပါးလုပ်ငန်းများအတွက် ပူးပေါင်းရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ အင်ဂျင်နီယာနှင့် ကန်ထရိုက်လုပ်ငန်းစီမံကိန်းသည် CITIC လုပ်ငန်းစု၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော CP Group ၏တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြားသောကုမ္ပဏီ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ဆောင်မှုပေးရန် လုပ်ကိုင်သွားမည့်စီမံကိန်းတစ်ခုဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုစင်တာစီမံကိန်း ASC သည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ် ၃၃ မြို့နယ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု စင်တာများ ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးသွားမည့်အစီအစဉ်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် MAPCO ကုမ္ပဏီမှ စိုက်ပျိုးရေးလုပ်ငန်းများ ဖော်ဆောင်နေလျက်ရှိသည့် မြို့နယ်ခုနစ်မြို့နယ်အပြင် အခြားသောကုမ္ပဏီများမှ အကောင် အထည်ဖော်ဆောင်ရွက်နေလျက်ရှိသည့် မြို့နယ်များတွင်လည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်ဟု ၎င်းက ပြောသည်။ ၎င်းစီမံကိန်းတစ်ခုတည်းပင် ကန်ဒေါ်လာ သန်း ၄၀၀ ဝန်းကျင်ခန့် အကုန်အကျခံဖော်ဆောင် ရမည့် စီမံကိန်း ဖြစ်သည့်အတွက် ချေးငွေရယူရေးဆိုင်ရာကိစ္စရပ်များအတွက် အစိုးရအဖွဲ့ခွင့်ပြုချက်ရရှိရေး ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နေသည်ဟုလည်း ၎င်းကပြောသည်။ CITIC လုပ်ငန်းစုသည် တရုတ်နိုင်ငံတွင် အောင်မြင်ထင်ရှားသည့် တည်ဆောက်ရေးလုပ်ငန်းစုကြီး တစ်ခုဖြစ်သည့်အပြင် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ရေး လုပ်ငန်းများအတွက် တင်ဒါ အောင်မြင် ထားသည့် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ MAPCO ကုမ္ပဏီသည် ၂၀၁၂ ခုနှစ်က စတင်တည်ထောင် ထားခဲ့သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်။ ခြောက်နှစ်တာ သက်တမ်းကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုသာ အခြေစိုက်ဦးတည်နေခဲ့သည့် ကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီအနေဖြင့်မှ ရင်းနှီးမြှုပ်နှံမှုများကို ဦးတည်နေခဲ့ခြင်း ကြောင့် အစု ၁,၀၀၀ စု အထက် ပိုင်ဆိုင်သည့် ရှယ်ယာရှင်များ အတွက် နှစ်စဉ် အမြတ်ခံစားခွင့်များကို ခွဲဝေပေးနိုင်ခဲ့ခြင်းမရှိဘဲ အစုတစ်စုနှင့် အစု ၁,၀၀၀ အထိ ပိုင်ဆိုင်သူများကိုသာ ဦးစားပေးရှယ်ယာရှင်များအဖြစ် နှစ်စဉ်အကျိုးအမြတ်ခွဲဝေပေးခြင်းကိုသာ လုပ်ဆောင်ပေးခဲ့ သည်။ အခြားသော စီမံကိန်းများအဖြစ် MAPCO ကုမ္ပဏီသည် ထိုင်းနိုင်ငံမှ Samroiyod Corporation Limited ၏ မိတ်ဖက်လုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ တန်ဖိုးမြင့်သီးနှံစည်သွပ်စက်ရုံကို တည်ထောင်ရန် ညှိနှိုင်းဆောင်ရွက် ထားသည်။ ၎င်းစီမံကိန်းကိုမူ တနင်္သာရီတိုင်းဒေသကြီး၊ ထီးခီးခရိုင်တွင် ဆောင်ရွက်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆန်းစစ်ချက်များ လုပ်ကိုင်နေလျက်ရှိသည်။ အလားတူ ကျိုက်လတ်မြို့နယ်တွင် ဖွဲ့နဆီကြမ်းထုတ်လုပ်သည့် စက်ရုံတည်ထောင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ Fukuoka Seiyu ကုမ္ပဏီနှင့် ကနဦးသဘောတူညီမှု လက်မှတ်ရေးထိုးထားခြင်း၊ မြောင်းမြတွင် ဖွဲ့နဆီကြမ်းထုတ်လုပ်သည့် စက်ရုံတည်ထောင်နိုင်ရန် အိန္ဒိယနိုင်ငံမှ Navadurga Enterprise Pvt Ltd ကုမ္ပဏီနှင့် ကနဦးသဘောတူညီမှု လက်မှတ်ရေးထိုးခြင်းများကိုလည်း လုပ်ကိုင်ထားသည်။

**Source:** https://myanmar.mmtimes.com/news/119163.html

## ပြည်ပပို့ကုန်ခုနစ်ခုအနက် သုံးမျိုးမှာ ယခင်ကာလတူထက်လျော့နည်းခဲ့ဟုဆို

ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုထားသော ပို့ကုန်အုပ်စု ခုနစ်ခုအနက်ပို့ကုန်လေးခုမှာ ယခင်ကာ လတူထက် ပိုမိုတင်ပို့နိုင်ပြီး ပို့ကုန်သုံးမျိုးမှာ ယခင်ကာလတူထက် လျော့နည်းတင်ပို့နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်သောစာရင်းများအရ သိရသည်။မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့သော ပို့ကုန်တန်ဖိုးမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် အထိ ထုတ်ပြန်သောကိန်းဂဏန်း များအရ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၄၈၅ သန်း ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ ပြည်ပကို တရားဝင်တင်ပို့ခွင့်ပြုထားသော ပို့ကုန်အုပ်စု ခုနစ် ခုအနက် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာတော့ ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တိရစ္ဆာန်နှင့်ပတ်သက်သော တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၃၈

သန်းကျော် ပိုမို တင်ပို့နိုင်ခဲ့ကြောင်းရေထွက်ကဏ္ဍ မှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၄ သန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၅၁၀ ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ သတ္တုတွင်းထွက် ကဏ္ဍ၊ သစ်တောထွက်ကဏ္ဍနှင့် အခြားကဏ္ဍတွေမှာတော့ ယခင်နှစ်ကာလတူ ထက်လျော့ကျခဲ့ပြီး ယခုကဏ္ဍသုံး ခုမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၀၇ သန်းခန့် ကုန်သွယ်မှု ပို့ကုန်ပမာဏလျော့ကျ ခဲ့တယ်လို့သိရသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=117685&path=Business.aspx

## ယခုတစ်ပတ်အတွင်း ရန်ကုန်ဆန်စျေးကွက် အရောင်းအဝယ်အေးနေ


ရန်ကုန်ဆန်စျေးကွက်အတွင်း ယခုတစ်ပတ်တွင် အရောင်းအဝယ်အေးနေကြောင်း ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ဆန်ကုန်စည်ဒိုင်မှသိရသည်။ ဒီတစ်ပတ်ဆန်စျေးကွက်အတွင်းမှာ ဆန်ချောရော ဆန်ကြမ်းပါ အရောင်းအဝယ်အေး နေပြီး စျေးနှုန်းတွေအနေနဲ့ အပြောင်းအလဲသိပ်မရှိကြောင်းသိရသည်။

ယခုကာလသည် ဆန်သစ်ပေါ်ချိန်ဖြစ်သည့်အတွက် စျေးကွက်အတွင်းသို့ ဆန်ဝင်ရောက်မှု အခြေ အနေမှာ ပုံမှန်အခြေအနေမျိုးဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသမှ ကြိတ်ခွဲထုတ်လုပ်သည့်ဆန်သစ်များလည်း အပတ် စဉ် ပုံမှန်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။ ရန်ကုန်မြို့ရှိ ဝါးတန်းကုန်စည်ဒိုင်အတွင်း ယနေ့အရောင်းအဝယ် ဖြစ်နေသော ဆန်စျေးနှုန်းများမှာ ပုသိမ်ပေါ်ဆန်းတစ်အိတ်လျှင် ထိပ်စငွေကျပ် ၄၂၀၀၀၊ အလတ်စ ငွေကျပ် ၄၀၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ထိပ်စငွေကျပ် ၃၈၀၀၀၊ အလတ်စ ငွေကျပ် ၃၇၀၀၀၊ ကျိုက်လတ်ပေါ်ဆန်း တစ်အိတ်လျှင် ထိပ်စငွေကျပ် ၃၅၀၀၀၊ အလတ်စ ငွေကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ထိပ်စငွေကျပ် ၆၄၀၀၀၊ အလတ်စငွေကျပ် ၆၂၀၀၀၊ နယ်စုံပေါ်ဆန်း(ဆန်သစ်) တစ်အိတ်လျှင် ထိပ်စငွေကျပ် ၃၄၀၀၀၊ အလတ်စငွေကျပ် ၃၂၀၀၀၊ ကျားပျံပေါ်ဆန်း တစ်အိတ်လျှင် ထိပ်စငွေကျပ် ၃၇၀၀၀၊ အလတ်စငွေကျပ် ၃၅၀၀၀ စသည့် စျေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

နယ်စုံပေါ်ဆန်း ဆန်အသစ်နဲ့ ကျားပျံပေါ်ဆန်း ဆန်တွေလောက်ပဲ တစ်အိတ်ကို ငွေကျပ် ၁၀၀၀ လောက် စျေးကျသွားပြီး တခြားပေါ်ဆန်းတွေကတော့ စျေးမကျကြောင်း ဆန်ကုန်သည် ဦးအောင်မြင့်ကပြော သည်။ ဆန်ကြမ်းစျေးကွက်၌လည်း ဧည့်မထ ၂၅ မှတ် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၊ ရက် ၉၀ ဆန် တစ်အိတ်လျှင် ငွေကျပ်၂၉၀၀၀၊ သီးထပ် (ရှယ်) တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1485-this-week,-yangon-cold-rice-market-transactions.html

## STOCK EXCHANGE (3.1.2019)


YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

Stock trading data

As of 3rd Jan. 2019

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | 0 | 0.00% | 10,000 | 10,000 | 10,000 | 132 | 1,320,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,000 | 50 | 1.69% | 3,000 | 3,000 | 3,000 | 264 | 792,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,400 | 100 | 1.37% | 7,300 | 7,400 | 7,300 | 85 | 620,700 | 10,400,986 | 76,967 |
| FPB | 00004 | 23,000 | 0 | 0.00% | 23,000 | 23,000 | 23,000 | 1 | 23,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | 0 | 0.00% | 2,800 | 2,800 | 2,800 | 261 | 730,800 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 407.21 | 2.19 | 0.54% | 405.02 | 407.21 | 405.02 | 743 | 3,486,500 | 5 | 284,807 |


**Index chart**




## Market Overview

As of 12:00 pm, 3rd Jan. 2019

| MYANPIX | 407.21 ▲ 2.19 |
|---|---|
| Total Volume (shares) | 555 |
| Total Value (MMK) | 3 mil |
| Listed Company | 5 |
| Market Cap. (MMK) | 555,934 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |